အမလာထာကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အမလာထာကျေးရွာ၊ ထားဝယ်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	အမလာထာကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဓယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဓယား	၄၉
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၂
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၅၄
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၅၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ခု ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့်

လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

အောက်တိုဘာလ၊ ၂၀၂၄
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အမလာထာကျေးရွာ

ထားဝယ်မြို့နယ်

အမလာထာကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အမလာထာကျေးရွာသည် အမြောက်ကျေးရွာအုပ်စု၊ ထားဝယ်မြို့နယ်တွင် တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် ထားဝယ်-မေတ္တာကားလမ်းပေါ်တွင် တည်ရှိပြီး မြေနိမ့်ပိုင်း ဖြစ်သောကြောင့် မိုးရေတင်ခြင်းများ မိုးတွင်းအချိန်တွင် မကြာခဏ ရေတင်ခြင်းများ ရှိခဲ့ပါသည်။ ကျေးရွာတည်ရှိရာသည် မြေနိမ့်ပိုင်းဖြစ်သော်လည်း ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများ စိမ်းလန်းစိုပြေစွာ ဝိုင်းရံထားပါသည်။ မြေနိမ့်ပိုင်းဖြစ်သော်လည်း ရေကြီးရေလွှမ်းဒဏ်ကို ဆိုးဆိုးဝါးဝါးထိခိုက်မှု မရှိပါ။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အမလာထာကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့် ဒေသအတွင်း တည်ရှိပါသည်။ ကျေးရွာတွင် ဥယျာဉ်ခြံစိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြပြီး မြေဆီလွှာအနေအထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် အခြားသယံဇာတများ ထွက်ရှိမှုမရှိပါ။ တောတောင်များ ခုတ်ထွင်ရှင်းလင်းပြီး ဥယျာဉ်ခြံများ ပြုလုပ်လာသောကြောင့် တိရိစ္ဆာန်မျိုးစိတ်များ၊ ဆေးဘက်ဝင်အပင်များ နည်းပါးလာပြီး သဘာဝအလျောက် ပေါက်ရောက်သော ဆေးဖက်ဝင်အပင် အနည်းအကျဉ်းသာ တွေ့ရှိရပါတော့သည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အမလာထာကျေးရွာတွင် ဂေါပကအဖွဲ့၊ သာရေးနာရေးအသင်း၊ လူနာသယ်ယူပို့ဆောင် ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်း တို့သည် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ရပ်အကျိုး ရွာအကျိုးကို ဆောင်ရွက်နေပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပက်သက်၍ အားနည်းကြပြီး၊ အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

အမလာထာကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၂.၅) ဧက၊ တောင်ယာမြေ (၁) ဧက၊ ဥယျာဉ်ခြံမြေ (၄၉၅.၅) ဧက နှင့် နှစ်ရှည်သီးနှံ (၅၃.၅) ဧက၊ စုစုပေါင်း (၆၇၂.၅) ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၅၂) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၀) အိမ်ထောင်စုစသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံစိုက်ပျိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုအနည်းငယ်ခန့်ရှိပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုရှိသော အိမ်ထောင်စများနှင့် ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ခြင်းဖြင့် အလုပ် အကိုင် အခွင့်အလမ်းများ ရရှိစေ ပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် စိမ့်စမ်းရေကို တစ်နှစ်ပတ်လုံး သွယ်ယူ အသုံးပြုကြပါသည်။ တစ်နှစ်ပတ်လုံးရရှိသော်လည်း လုံလောက်မှုမရှိပါ။

ကျေးရွာတွင် အဓိကထွက်ရှိသော သီးနှံမှာ ကွမ်းသီးနှင့် ရာဘာဖြစ်ပြီး သွင်းအားစုလိုအပ်ချက်မှာ အခြားသီးနှံပင်များနှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ်သက်သာသည့်အပြင် ပိုးမွှားကျရောက်မှုလည်း နည်းပါးပါသည်။ မိရိုးဖလာစိုက်ပျိုးနည်းကိုသာ ကျင့်သုံးနေဆဲဖြစ်သဖြင့် ကွမ်းသီး တစ်ဧကလျှင် ပျမ်းမျှ ၂၂၅ ပိဿာနှင့် ရာဘာ ၁၄ ပေါင်သာ ရရှိပါသည်။ ရာဘာသွင်းအားစုလိုအပ်ချက်မြင့်မားသဖြင့် အမြတ်ရရှိမှု နည်းပါးပါသည်။

ကျေးရွာတွင် လယ်လုပ်ငန်းလုပ်ကိုင်သူ နည်းပါးသဖြင့် လက်တွန်းထွန်စက် (၁)လုံးနှင့် ခွေလှေ့စက် (၁)လုံးသာ ပိုင်ဆိုင်ကြပါသည်။ အခြားသီးနှံစိုက်ပျိုးရေးအတွက် ရေစုပ်စက် (၄)လုံး၊ ခြေနင်းရေတင်စက် (၂)လုံးနှင့် အများစုမှာ မြက်ရိတ်စက်များ ပိုင်ဆိုင်ကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေများ တိုးချဲ့ရန်မရှိပေ။ စိုက်ပျိုးရန်အတွက် ရေအရင်းအမြစ်နှင့် သဘာဝမြေဆွေးမြေဩဇာများ မရှိပါ။ ဓာတုပိုးသတ်ဆေးများ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း နည်းပညာဝန်ဆောင်မှုများ အားနည်းနေပါသည်။

ကျေးရွာတွင် သီးနှံများစိုက်ပျိုးရာ၌ စိုက်ပျိုးရေးနည်းစနစ်များမကျခြင်း၊ လုပ်သား ရှားပါးခြင်း၊ ရေလုံလောက်မှုမရှိခြင်း စသည့်အချက်များသည် စိုက်ပျိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများပင်ဖြစ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

အမလာထာကျေးရွာတွင် ခိုင်းနွားမွေးမြူထားသည့် အိမ်ထောင်စု (၁၁) အိမ်ရှိပြီး နွား ကောင်ရေ (၃၉) ကောင်၊ အိမ်ထောင်စု (၄)အိမ်မှ ဝက်ကောင်ရေ (၇) ကောင်၊ အိမ်ထောင်စု (၈) အိမ်မှ ဘဲ (၃၃၄) ကောင် နှင့် အိမ်ထောင်စု (၇၄) အိမ်မှ ကြက် (၅၀၇) ကောင် ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စုများသာ ဖြစ်ကြပြီး စီးပွားအဖြစ် လုပ်ကိုင်သော အိမ်ထောင်စုများ အနည်းငယ်ရှိပါသည်။

ကျေးရွာတွင် မွေးမြူရေးကို စီးပွားအဖြစ်လုပ်ကိုင်သော အိမ်ထောင်စု နည်းပါးပါ သည်။ နည်းပညာ ဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဋ္ဌီးစီးဌာနမှ ရရှိသည်။ မွေးမြူရေး လုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်လိုသော်လည်း နည်းပညာများမသိခြင်းနှင့် ငွေရေးကြေးရေး မတတ်နိုင်ခြင်း အခက်အခဲများ ရှိပါသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတား များအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ကျေးရွာရှိ ငွေချေးသူထံမှ အတိုးနှုန်းမြင့်မားစွာ ချေးယူကြရပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ကိုင်သော အိမ်ထောင်စုမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

အမလာထာကျေးရွာရှိ အခြားဝင်ငွေရ လုပ်ငန်းများမှာ လက်လီ-လက်ကားရောင်းဝယ် ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ခေါင်းရွက်ဗျပ်ထိုးနှင့် နေ့စား အလုပ် တို့ဖြစ်ကြသည်။ အခြားဝင်ငွေရ လုပ်ငန်းများတွင် ကိုယ်ပိုင်အလုပ်လုပ်ကိုင်သည့် အိမ်ထောင်စုများ ရှိသကဲ့သို့ အလုပ်သမားဝန်ထမ်းအနေဖြင့် အလုပ်လုပ်ကိုင်သူ များလည်းရှိပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်

ရှိသည်။ ကျပန်းအလုပ်သမားများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာသည် ထားဝယ်မြို့နှင့် အလှမ်းမဝေးဘဲ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ပါသည်။ ထားဝယ်-ထီးခီး ကားလမ်းပေါ်တွင်ရှိ၍ ခရီးတစ်ထောင့်နားရာ အချက်အချာကျသော ရွာတစ်ရွာဖြစ်သောကြောင့် အရောင်းအဝယ်စျေးကွက်များလည်း ရှိပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန် လည်းမတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

အမလာထာကျေးရွာတွင် ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းနှင့် အရင်းအနှီးအလုံအလောက်မရရှိခြင်းတို့က ပြဿနာတစ်ခုဖြစ်ပါသည်။ ထိုကြောင့် အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ထုတ်ချေးနိုင်သည့် ဝန်ဆောင်မှုများ ရရှိနိုင်ပါက ပို၍အဆင်ပြေနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးသမားများအတွက် ချေးယူများကို အတိုးနှုန်း မြင့်မားစွာဖြင့် ချေးယူနေကြရပါသည်။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါး လှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည် ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

အမလာထာကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီး (၆၈) စီး၊ ဆိုင်ကယ် (၃၄၈) စီး၊ သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ (၁၃) စီး၊ ကား (၂၃) စီးနှင့် နွားလှည်း (၁) စီးတို့ကို အသုံးပြုနေရပါသည်။

ကျေးရွာ၏ ရွာတွင်းလမ်းအချို့မှ မြေသားလမ်းဖြစ်နေပြီး မိုးတွင်းအခါများတွင် သွားလာရခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာလည်း ပြုပြင်ရန်လိုအပ်နေပါသည်။ မြေသားလမ်းများကို ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးနိုင်ပါက ကျေးရွာ၏ ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကျေးရွာအတွင်းရှိ ရေပြွန် (၃) ခုမှာလည်း ကောင်းမွန်ပြီး သွားလာရ အဆင်ပြေနေဆဲပင်ဖြစ်သည်။ ကျေးရွာတွင် ကုန်းလမ်းပို့ဆောင်ရေးကိုသာ အဓိက အသုံးပြုပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အသုံးမပြုပါ။

(ခ) ကျေးရွာ မီးလင်းရေး

အမလာထာကျေးရွာတွင် ဓါတ်အားလိုင်းသုံးစွဲသော အိမ်ထောင်စု (၃၅)စု၊ ဆိုလာ အသုံးပြုသော အိမ်ထောင်စု (၃၄)စု၊ ဒီဇယ်သုံးအင်ဂျင် အသုံးပြုသော အိမ်ထောင်စု (၁၀)စုနှင့် ဓိဝလောင်စာအသုံးပြုသော အိမ်ထောင်စု (၁)စုရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အမလာထာကျေးရွာတွင် ဆက်သွယ်ရေးနေဖြင့် ကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

၆။ ပညာရေး

အမလာထာကျေးရွာ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၆ရာခိုင်နှုန်း ခန့်ရှိပြီး၊ ဘွဲ့ရသူဦးရေ ၈၆ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကြောင့် လုံးဝကျောင်း မနေသူဦးရေ မရှိသလောက်နည်းပါးပါသည်။ ကျေးရွာအတွင်း အထက်တန်းကျောင်းခွဲအထိ ရှိသောကြောင့် ကလေးသူငယ်များအတွက် ပညာရေးအဆင်ပြေသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိပြီး အနီးအနားရှိကျေးရွာများမှလည်း ထိုကျောင်းတွင် လာရောက်၍ ပညာသင်ယူကြပါသည်။ ထိုကျောင်းတွင် ကျောင်းဆောင်အမိုးပျက်စီးပြီး မျက်နှာကျက် လိုအပ်နေသည့်

ကျောင်းဆောင်(၁)ဆောင် ရှိပါသည်။ ကျောင်းသို့ ခြေလျင် (သို့) စက်ဘီး (သို့) ဆိုင်ကယ်ဖြင့်လည်း သွားရောက်ကြပါသည်။ ကျေးရွာတွင် အထက်တန်း ကျောင်းခွဲရှိသည့်အတွက် မူလတန်းမှ အထက်တန်းအထိ ကျေးရွာ၌ပင် အခက်အခဲမရှိ ပညာသင်ယူနိုင်ပါသည်။

အမလာထာကျေးရွာတွင် ယခုလက်ရှိတွင် ပညာသင်ကြားနေသော ကျောင်းသား/သူ ဦးရေ နှင့် ကျောင်းဆရာ/ဆရာမ ဦးရေ လုံလောက်မှု မရှိပါ။ မူလတန်း ကျောင်းထွက်နှုန်း မှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများနှင့် သင်ထောက်ကူ ပစ္စည်းများ လက်လှမ်းမီမှု မရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ် နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာလည်း အသင့်အတင့်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အမလာထာကျေးရွာတွင် ဆီးချိုရောဂါများ ဖြစ်ပွားမှုနှုန်းမြင့်မား၍ ကျန်ရောဂါများမှာ ဖြစ်ပွားမှုနှုန်းနည်းပါးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်းရှိ ကျန်းမာရေးဝန်ထမ်း များမှ ကာကွယ်ဆေးထိုးနှံမှုများကို ပုံမှန်ပြုလုပ်ပေးပါသည်။ ကျောင်းကျန်းမာရေး အာဟာရမှတ်တမ်းယူမှုများလည်း ရှိပါသည်။ ကျေးရွာတွင် အသေးစားကျန်းမာရေး ကုသမှု များကို ကျေးရွာအတွင်းရှိ ကျန်းမာရေးဆေးပေးခန်းတွင် ပြသကြ၍ ရောဂါကြီးကြီးမားမား ဖြစ်ပွားပါက ထားဝယ်မြို့ ဆေးရုံကြီးသို့ သွားရောက်ကုသကြရပါသည်။ သို့ရာတွင် အခါအားလျော်စွာ ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများနှင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ကဲ့သို့သော ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

အမလာထာကျေးရွာတွင် သောက်သုံးရေရရှိနိုင်သော ရေအရင်းအမြစ်အဖြစ် ရေတွင်း (၆၇)တွင်း၊ အဝိစိတွင်း/စက်တပ် (၅)တွင်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းမှလည်း သောက်သုံး ရေကို ရရှိပါသည်။

အမလာထာကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၂၅)စု၊ ကျင်းအိမ်သာ သုံးစွဲသော အိမ်ထောင်စု(၅၃)စု၊ မြေပေါ်အိမ်သာ သုံးစွဲသောအိမ်ထောင်စု (၄)စုနှင့် ကျန် အိမ်ထောင်စုများမှာ တောထိုင်များကို အသုံးပြုကြပါသည်။ ရွာလုံးကျွတ် သန့်ရှင်းသော ယင်လုံအိမ်သာများ သုံးစွဲမှု နည်းပါးကြပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အမလာထာကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆ဖနှစ် အထက်နှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (၄)စုနှင့် မုဆိုးဖို၊ တစ်ခုလပ်အိမ်ထောင်စု (၅)စုသာ ရှိပါသည်။

အမလာထာ ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်း များလည်း ထားရှိမှု မရှိပါ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံ ခန့်ခွဲမှုတွင် စွန့်ပစ် ပစ္စည်းများအတွက် အန္တရာယ်ရှိမှုမြင့်သည်ဟု ယူဆနိုင်သည်။ တစ်ချို့ကမီးရှို့၍ သော်လည်း ကောင်း၊ တစ်ချို့ကချောင်းများအတွင်း စွန့်ပစ်မှုကြောင့် ရေထုညစ်ညမ်းစေနိုင်ပြီး ချောင်း မြောင်းများ တိမ်ကောလာနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာ သူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

အမလာထာကျေးရွာ၏ စီမံခန့်ခွဲမှုစနစ်တွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု အားနည်းနေပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင် ရှိမှု အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် ဥယျာဉ်ခြံ၊ ဆောက်လုပ်ရေး

လုပ်ငန်းခွင်များတွင် နေ့စားလုပ်အားခနှုန်းထား သတ်မှတ်ချက်များမှာ ကျား၊ မ ကွာခြားမှုရှိပါသည်။

အမလာထာကျေးရွာတွင် အိမ်ထောင်စု (၈၀)စု ရှိပြီး လူဦးရေစုစုပေါင်း (၈၀၃)ဦးရှိပါသည်။ အသက် ၁၅ နှစ်အောက်နှင့် အသက် ၆၀ နှစ်အထက် မှီခိုသူဦးရေ ၃၃% ခန့်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ ၆၇% ခန့်ရှိပြီး တစ်အိမ်ထောင် ပျမ်းမျှလူဦးရေမှာ ၅.၀ဖဦးရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ရှိသည်ဟု ယူဆနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - အမြောင်း			ကျေးရွာအမည် - အမလာထာ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ကျေးရွာအတွင်း မြေသားလမ်းများအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂	အခြေခံအဆောက်အဦ	သောက်သုံးရေ	စိမ့်စမ်းရေမှတစ်ဆင့် ရေပိုက်သွယ်တန်းပေးခြင်း။	
၃	မွေးမြူရေး	နည်းပညာ	စီးပွားဖြစ်မွေးမြူနိုင်ရန် မွေးမြူရေးနည်းပညာသင်တန်းများပေးခြင်း။	
၄	လျှပ်စစ်	မဟာဓာတ်အားလိုင်း	ဓါတ်အားလိုင်းမှ ရွာလုံးကျွတ် လျှပ်စစ်ဓါတ်အား ရရှိအောင် ဆောင်ရွက်ပေးခြင်း။	
၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ဆရာ/မများနေရန် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးခြင်း။	
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကာရန်ခြင်း။	
၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းပေးခြင်းနှင့် ကျောင်းအားကစားပစ္စည်းများ ဖြည့်ဆည်းပေးခြင်း။	
၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းဆောင်အမိုး ပြုပြင်ခြင်း။	
၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းဆောင်အမိုး ပြုပြင်ခြင်း။	
၁၀	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းနှင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်းသင်တန်းများပေးခြင်း။	

နောက်ဆက်တွဲ (၁)

အမလာထာကျေးရွာ၊ အမြောင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဒေါ်သီသီညို	ဦးဦးဒင်း	ဖ/ထဝန(နိုင်) ဝ၄၃၇၈၉	၅၁	နာယက	ဝ၉-၄၄၂၅၇ဝ၆၈၆
၂	ဒေါ်မော်မော်လွင်	ဦးသန်းစိန်	ဖ/ထဝန(နိုင်) ဝ၄၃၅၉၈	၆၁	ရပ်မိရပ်ဖ	
၃	ဦးထက်နိုင်ဝင်း	ဦးအလုံ	ဖ/ထဝန(နိုင်) ဝ၄၃၄ဝ၅	၆ဂ	ရပ်မိရပ်ဖ	
၄	စောဂေးဒိုထူး	ဦးဘဒင်	ဖ/ထဝန(နိုင်) ဝ၄၃၃၈၉	၆၅	ရပ်မိရပ်ဖ	
၅	ဦးမောင်စိုးနိုင်	ဦးအုန်းတင်	ဖ/ထဝန(နိုင်) ဝ၄၃၈၉၉	၆၁	ဥက္ကဋ္ဌ	
၆	နော်ရယ်ဖော	စောလှဦးရွှေ	ဖ/ထဝန(နိုင်) ဝ၄၃၂၂၃	၅၁	အတွင်းရေးမှူး	
၇	စောနိုနို	ဦးမောင်လွန်း	ဖ/ထဝန(နိုင်) ဂစဂ၅၈၇	၅၄	ဘဏ္ဍာရေးမှူး	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၈	၁၂	၃၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၅၈	၆၅	၁၂၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၈	၅၉	၁၁၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈၃	၇၅	၁၅၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၅	၁၂၅	၂၃၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၆၄	၈၁	၁၄၅
စုစုပေါင်း		**၃၈၆**	**၄၁၇**	**၈၀၃**
စုစုပေါင်း အိမ်ထောင်စု		**၈၀**		

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။အမလာထာကျေးရွာတွင် အိမ်ထောင်စု(၈၀)စုရှိသည်။ လူဦးရေ စုစုပေါင်း(၈၀၃)ဦး ရှိပါသည်။ အသက် (၁၅)နှစ်အောက်နှင့် အသက် (၆၀)နှစ်အထက် မှီခိုသူ ဦးရေ (၃၃%)ခန့်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ (၆၇%)ခန့်ရှိပြီး တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ (၅.၀၆)ဦးရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ရှိသည်ဟု ယူဆနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၂၄	၅၈	မြင့် ✔ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၁	၁၀၂	၁၂	မြင့် ☐ လတ်✔ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၃	၈	၁၃	မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း	၂	၄	၅	မြင့် ☐ လတ်☐ နိမ့် ✔
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၉	၂၁	၁၇	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၂	၁၄	၂	မြင့် ☐ လတ်☐ နိမ့် ✔
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၉	၃	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း		၇၅	၁၀	မြင့် ✔ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၈	၂၃	၃	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၄		မြင့် ☐ လတ်☐ နိမ့် ✔
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁၈	၁၅	မြင့် ☐ လတ်☐ နိမ့် ✔
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁၅	၃	မြင့် ☐ လတ်✔ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇	၉	၂	မြင့် ☐ လတ်✔ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	စုစုပေါင်း	၈၀	၄၄၅	၃၅၈	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်ကြသူမှာ(၆၀)စုရှိပြီး ကျပန်းအဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စု(၂၀)စု၊ မွေးမြူရေး အဓိကလုပ်ကိုင်သူများ ၊ ကျပန်းလုပ်ကိုင်သူများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်ကိုင်သူများ၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူများ၊ လက်လီလက်ကားရောင်းဝယ်သည့် အိမ်ထောင်စုများ၊ ပို့ဆောင်ရေးလုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ ဝန်ထမ်းအိမ်ထောင်စုများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်း ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၂၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀		၇၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	များ ပြင်ဆင်ရေး					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် ဥယျာဉ်ခြံ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် နေ့စား လုပ်အားခနှုန်းထားသတ်မှတ်ချက်များမှာ ကျား-မ ကွာခြားချက်ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၂.၅	ကောင်း ☐	သင့်✔	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁	ကောင်း ☐	သင့်✔	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၄၉၅.၅	ကောင်း ☐	သင့်✔	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၅	ကောင်း ☐	သင့်✔	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြေဆီလွှာအရည်အသွေး အသင့်

အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေနှင့် စိမ့်စမ်းရေကိုသာ အသုံးပြုရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✔
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ✔ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✔
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ✔ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✔
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်✔ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် ခဲမဖြူ၊ သံ အနည်းငယ် ထွက်ရှိပြီး လက်လှမ်းမီမှု ခက်ခဲပါသည်။ ဆေးဘက်ဝင်အပင်များလည်း အသင့်အတင့်ပေါက်ရောက်ပါသည်။ အခြားတိရစ္ဆာန်မျိုးစိတ်များ မရှိပါ။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၄	၃၂	၁၂	၂၂

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာ၏အခြေအနေအထားကို ကျေးရွာသူ/သားများကို ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) **ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ** (**ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ**)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၂၁	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၁_____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၉	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၉_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာရှိ ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း စီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စုစုပေါင်း၏ ၅၂.၅% သည် ၃ လ အောက် ချေးငှားခြင်း မပြုဘဲ ထမင်းပုံမှန် စားသောက်နိုင်ပြီး ၄၇.၅% မှ ၃ လ မှ ၆ လ အထိ ဝမ်းစာဖူလုံမှုရှိပါ သည်။ ဝမ်းစာဖူလုံသည့်အချိန်တွင် ချေးယူခြင်း၊ ဈေးကြွေးယူခြင်းစသည်ဖြင့် ဝမ်းစာဖူလုံရန် ဖြေရှင်းနေကြ ပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) **ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၄		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်အထက်နှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (၄)စုနှင့် မုဆိုးမ၊ တစ်ခုလပ်အိမ်ထောင်စု (၅)စုသာရှိသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၈	မီးဘေး	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔

ရင်းမြစ် … **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာသည် စုစည်းညီညွတ်မှု ရှိပါသည်။ ဘေးအန္တရာယ် တစ်ခုခု ကြုံလာပါက စုပေါင်းဖြေရှင်း သည့် အလေ့အထ ရှိသောကြောင့် ဆိုးဆိုးရွားရွား ထိခိုက်မှု မရှိပါ။ မိုးရာသီ ရေကြီးမှုများ ကြုံရပါသည်။ သို့သော် ရွာအတွင်းတွင် သီးသန့်ကူညီမှု၊ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်မှု လျော့ချရေး အစီအစဉ် မရှိသည်ကို တွေ့ရသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) **ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔

ရင်းမြစ် … **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင်း ရွာသူ/ရွာသားများအားလုံးသည် စုစုစည်းစည်း

နေထိုင်ကြသောကြောင့် သာမန်ထိခိုက်မှုများသာ ကြုံတွေ့ရပါသည်။ ဆိုးဆိုးဝါးဝါး ထိခိုက်မှု မရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပကအဖွဲ့	၁☐ ၂☐ ၃✓	၂၂		၂၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၂	သာရေး/နာရေးအသင်း	၁☐ ၂✓ ၃☐	၁၃	၃	၁၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၃	လူနာသယ်ယူပို့ဆောင်ရေးအဖွဲ့	၁☐ ၂✓ ၃☐	၅၀		၅၀	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၄	အမျိုးသမီးရေးရာအဖွဲ့	၁☐ ၂✓ ၃☐		၁၁၀	၁၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၅	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁☐ ၂✓ ၃☐	၂၀		၂၀	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၆	မိဘဆရာအသင်း	၁☐ ၂✓ ၃☐	၁၂	၃	၁၅	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် ဂေါပကအဖွဲ့၊ သာရေး နာရေး၊ လူနာသယ်ယူပို့ဆောင်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းတို့သည် ရပ်မိရပ်ဖ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ပူးပေါင်းကာ ကျေးရွာ့အကျိုး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် … **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း များမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား		တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၈၀	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုမှာ ၅၅ ခန့်ရှိပါသည်။ ကျန်အိမ်ထောင်စု ၂၅ ခန့်မှာ ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ခြင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ	၃၀	တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ✓ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင်စိုက်ပျိုးရေးအတွက် စိမ့်စမ်းရေကို တစ်နှစ်ပတ်လုံး သွယ်ယူ အသုံးပြုကြပြီး တစ်နှစ်ပတ်လုံး ရရှိသော်လည်း လုံလောက်မှု မရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
ကွမ်း	၅၀၀	ပိဿ ဝ	၁၀၀	၃၀၀	၂၂၅	ဇွန်	ဩ ဂုတ်	မြင့်☐ လတ်☐ နိမ့်✓	မြင့်☐ လတ်✓ နိမ့်☐
ရာဘာ	၁၅၀	ပေါင်	၁၂	၁၆	၁၄	နို ဝင် ဘာ		မြင့်✓ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်✓
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာ၏ အဓိက ထွက်ရှိသော သီးနှံမှာ ကွမ်းသီးနှင့် ရာဘာဖြစ်ပြီး သွင်းအားစု လိုအပ်ချက်မှာ အခြားသီးနှံပင်များနှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ် သက်သာသည့်အပြင် ပိုးမွှားကျရောက်မှုလည်း မရှိဖလာနည်းကိုသာ ကျင့်သုံးနေဆဲ ဖြစ်သဖြင့် ကွမ်းသီးတစ်ဧကလျှင် ပျမ်းမျှ ၂၂၅ ပိဿာနှင့် ရာဘာ ၁၄ ပေါင်သာ ရရှိပါသည်။ ရာဘာမှာ သွင်းအားစု လိုအပ်ချက်မြင့်သဖြင့် အမြတ်ရရှိမှု နည်းပါးပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၁			

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁			
ရေစုပ်စက်	၄၁			
ခြေနင်းရေတင်စက်	၂			
မြက်ရိတ်စက်	၁၀၂			

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ နည်းပါးသဖြင့် လက်တွန်း ထွန်စက်(၁)လုံးနှင့် ခြွေလှေ့စက်(၁)လုံးသာ ပိုင်ဆိုင်ကြပါသည်။ တခြားသီးနှံစိုက်ပျိုးရေး အတွက် ရေစုပ် စက်(၄၁)လုံး၊ ခြေနင်းရေတင်စက်(၂)လုံးနှင့် အများစုမှာ မြက်ရိတ်စက်များ ပိုင်ဆိုင်ကြ ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) **သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✔ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ✔**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ✔**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ✔ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✔**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ✔**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✔ မဖြေဆိုပါ ☐**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
	သီးနှံများကို ရောင်းချနိုင်သည် ✔ **မဖြေဆိုပါ** ☐

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင်စိုက်ပျိုးရေးအတွက် တိုးချဲ့ရန်မြေ မရှိပေ။ ရေအရင်းအမြစ် နှင့်သဘာဝမြေဆွေးမြေဩာ မရှိပါ။ ဓါတုပိုးသတ်ဆေးများ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း နည်းပညာဝန်ဆောင်မှု အားနည်းပါသည်။ ဈေးကွက်လက်လှမ်းမီမှု ရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း**☐ **ရာသီဥတုမမှန်**☐ **မဖြေဆိုပါ**✔
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ** ✔ **လယ်ယာမြေဆုံးရှုံးမှုများသည်** ☐ **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်** ☐ **ပလပ်မြေများရှိသည်** ☐ **ပလပ်မြေအသင့်အတင့်ရှိသည်**☐ **မဖြေဆိုပါ** ☐
စိုက်ပျိုးရေး အရင်းအမြစ်	**အလွယ်တကူမရနိုင်** ✔ **လုံးဝမရ** ☐ **မဖြေဆိုပါ** ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်** ☐ **လုံးဝမရ** ☐ **မဖြေဆိုပါ** ✔
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင်** ☐ **လုံးဝမရ** ☐ **မဖြေဆိုပါ** ✔
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင်** ☐ **လုံးဝမရ** ☐ **မဖြေဆိုပါ** ✔
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင်** ☐ **လုံးဝမရ** ☐ **မဖြေဆိုပါ** ✔
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်** ✔ **လုံးဝမရ** ☐ **မဖြေဆိုပါ** ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်** ☐ **လုံးဝမရ** ☐ **မဖြေဆိုပါ** ✔
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ** ☐ **သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ** ☐ **မဖြေဆိုပါ** ✔
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ** ☐ **အသင့်အတင့်ကျ** ✔ **အနည်းငယ်** ☐

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
	မဖြေဆိုပါ ☐

ရင်းမြစ် (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးနည်းစနစ် မကျခြင်း၊ လုပ်သားရှားပါးခြင်း၊ ရေလုံလောက်မှု မရှိခြင်းစသည်တို့သည် စိုက်ပျိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများပင် ဖြစ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၁	၃၉
နို့စားနွား	၁	၁
ကျွဲ	၁	၈
ခြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၄	၇
ကြက်	၇၄	၅၀၇
ဘဲ	၈	၃၃၄
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ အမလာထာကျေးရွာတွင် နွား၊ ကျွဲ၊ ဝက်၊ ကြက်၊ ဘဲစသည့် ဒေသမျိုးများကို သာ တစ်နိုင်တစ်ပိုင် မွေးမြူကြသည့် အိမ်ထောင်စုများရှိပါသည်။ တချို့အိမ်ထောင်စု များမှာ စီးပွားရေးဖြစ်လည်း မွေးမြူကြသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**ပေါများ ☐ အသင့်အတင့် ✔ မဖြေဆိုပါ ☐**
ရေရရှိမှု	**အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ✔**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐** **မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် ✔ မဖြေဆိုပါ ☐**
ချေးငွေ	**ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေ အသင့်အတင့်ရနိုင် ✔** **မဖြေဆိုပါ ☐**
သွင်းအားစု (**မွေးမြူရေး အစာ၊ဆေးစသည်**)ဈေးကွက်	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐** **သွင်းအားစုများ ဝယ်ယူနိုင်သည် ✔ မဖြေဆိုပါ ☐**
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	**နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐** **နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ✔** **မဖြေဆိုပါ ☐**
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **ထုတ်ကုန်များကို ရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐**
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ✔ မဖြေဆိုပါ ☐**
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	**အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐**
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	**လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐** **မဖြေဆိုပါ ☐**
ချေးငွေ	**လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐** **မဖြေဆိုပါ ☐**
သွင်းအားစု လက်လှမ်းမီမှု	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐** **သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐**
နည်းပညာ အကူအညီနှင့်	**နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐**

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
နည်းလမ်းများ	**နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။** ☐ **မဖြေဆိုပါ**☐
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်** ☐ **ထုတ်ကုန်များကို ရောင်းချနိုင်သည်** ☐ **မဖြေဆိုပါ** ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	**လွယ်ကူသည်** ☐ **အသင့်အတင့် လွယ်ကူသည်** ☐ **မဖြေဆိုပါ** ☐

ရင်းမြစ် … **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အမလာထာကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေများရှိသော်လည်း ရေလုံလောက်မှု မရှိပါ။ မျိုးတိရစ္ဆာန်များ လက်လှမ်းမီမှုနှင့် သွင်းအားစု စျေးကွက်လည်း လက်လှမ်းမီမှု ရှိပါသည်။ ထားဝယ်-ထီးခီးကားလမ်းပေါ်တွင် ရှိသောကြောင့် ထုတ်ကုန်သွင်းကုန် လက်လှမ်းမီမှု ရှိပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**စားကျက်မြေ ရှားပါးသည်** ☐ **စားကျက်မြေ လုံးဝမရှိပါ** ☐ **မဖြေဆိုပါ** ✔
ရေရရှိမှု	**ရေ ရှားပါးသည်**✔ **ရေ လုံးဝမရှိပါ**☐ **မဖြေဆိုပါ** ☐
